တက္ကသိုလ်

ဖန်ကမ်ဘောဒေသ

ဝမ်အင်း ၊ ဆိန်ရွဲ့ ၊ ရောင်း ၊ ယို့လန်

သေဓင်းတမန်
ချစ်စောင်းသံ

ဒုတိယတွဲ
ဇာတ်သိမ်း



အခန်း (၆)

စကားပွဲသူ

နေရာက စားသောက်ဆိုင်တစ်ဆိုင်မှာ ဖြစ်သည်။

စားသောက်ဆိုင်ကြီးမှာ ကြီးမားပြီး အပေါ်ထပ်တွင် တည်းခိုရန် အိပ်ခန်းပေါင်းများစွာ ရှိလေသည်။

သို့သော် စားသောက်ဆိုင်တစ်ခုလုံးမှာ ဖုန်အလိမ်းလိမ်းဖြင့် ရှိနေလေသည်။

ထို့ပြင် ဆိုင်လုလင်လေးကပင် စားပွဲပေါ်၌ ခေါင်း တင်ကာ ငိုက်မျဉ်းနေလေသည်။

ထိုအချိန်တွင် ဆိုင်ရှေ့သို့ ပြေးလွှားလာနေသော အသံတစ်သံ ထွက်ပေါ်လာသဖြင့် ငိုက်မျဉ်းနေသောဆိုင်လုလင်လေး၏ ဦးခေါင်း ဆတ်ခနဲ ထောင်သွားလေသည်။

သူသည် ဆိုင်အပေါက်ဝဆီသို့ ပြေးထွက်လာ၏။

ထိုအခါ ဆိုင်အပေါက်ဝတွင် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် ရောက်ရှိလာလေသည်။

သူ၏ကျောပေါ်တွင် အနီရောင်သေတ္တာတစ်လုံးကို ပိုးထား၏။

ဆိုင်လုလင်လေး၏ မျက်နှာတစ်ခုလုံးမှာ ဝင်းလက်တောက်ပသွားလေသည်။

သူသည် အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်ထံသို့ ပြေးသွားလေသည်။

"ကြွပါ ကြွပါ အစ်ကိုလေး ... ကျွန်တော်က အစ်ကိုလေးကို စောင့်နေတာပါ"

စွန်းထင်းလုက မျက်မှောင်ကုတ်လိုက်သည်။

"ဘာ ... ကျုပ်ကို စောင့်နေတာ ... ဟုတ်လား"

ဆိုင်လုလင်၏ ကြည်လင်ဝိုင်းစက်သော မျက်လုံးလေးများက ပြုံးကျယ်သွားမိလေသည်။

သို့သော် သူက ရယ်မောလိုက်၏။

"ဟဲ ဟဲ ဟဲ ... ဟုတ်တာပေါ့ဗျာ၊ ကျွန်တော်က အစ်ကိုလေးတို့လို ခရီးသည်မျိုးကို စောင့်နေရတာပေါ့။ ဒီနေရာက အတော်ခေါင်တယ်လေ၊ ဒါကြောင့် ဘယ်ခရီးသည်မှ မလာကြဘူးဗျ"

စွန်းထင်းလုက မျက်ခုံးပင့်၍ ကြည့်ကာ ပြုံးလိုက်သည်။

သူသည် အလွန်ငယ်ရွယ်ချောမောသော ဆိုင်လုလင်လေး ကို ကြည့်ကာ ခင်မင်ရင်းနှီးစွာဖြင့် ပြုံးပြလိုက်မိခြင်း ဖြစ်၏။

ဆိုင်လုလင်လေးက သူ့အား ပြန်လည်ပြုံးပြလိုက်၏။

သူက စွန်းထင်းလုအား အကဲခတ်ကြည့်ရင်း ...

"အစ်ကိုလေးက ကျွန်တော်တို့ စားသောက်ဆိုင်မှာ အေး အေးဆေးဆေး စားသောက်တည်းခိုနိုင်ပါတယ်"

စွန်းထင်းလုက ဆိုင်ထဲသို့ လှမ်းဝင်ကာ မျက်လုံးဝေ့၍ကြည့် လိုက်လေသည်။

ဆိုင်ထဲတွင် ဖုန်အပေါ်မိန်းလိမ်းဖြင့် ရှိနေ၏။

သူက ဤဆိုင်မှာ လူသူအရောက်အပေါက်နည်းကြောင်း အမှန်ဘကယ် ယုံကြည်သွားမိလေသည်။

သူက ရင်ထဲမှ ကျိတ်ကာကျေနပ်သွားမိ၏။

ယခုကဲ့သို့ သောအခြေအနေမျိုးတွင် သူသည် ဤဆိုင်ကဲ့သို့ လူသူအရောက်အပေါက်နည်းသောဆိုင်တွင် တည်းခိုသင့်သည် မဟုတ်ပါလော။

သူက ဆိုင်ကလေးအား လှည့်ပတ်ကြည့်နေသည်။

ဆိုင်လုလင်လေးက သူ့အား ပြုံးပြလိုက်သည်။

သူ၏အပြုံးမှာ နှစ်လိုဖွယ် ကောင်းလှပေသည်။

"အစ်ကိုလေး ... ကျွန်တော်တို့ရဲ့တည်းခိုခန်းမှာ တည်းမယ် မဟုတ်လား"

သူက ဆိုင်တစ်ခုလုံးကို မျက်လုံးဝေ့ကြည့်ကာ မျက်မှောင် ကုတ်လိုက်လေသည်။

"ဆိုင်ရှင်လည်း မတွေ့ပါလား"

ဆိုင်လုလင်လေးက ရင်ကော့ကာ ရယ်မောလိုက်၏။

"ဟဲ ဟဲ ဟဲ ... ကျွန်တော်ပဲ ဆိုင်လုလင်၊ ကျွန်တော်ပဲ ဆိုင်ရှင်လေ၊ ဒါကြောင့် အစ်ကိုလေးက နားအေးပါးအေး တည်းခိုနိုင် မယ် မဟုတ်လား"

စွန်းထင်းလုက သူ့အား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

ဆိုင်လုလင်လေး၏အသက်မှာ တစ်ဆယ့်ခြောက် တစ် ဆယ့်ခုနစ်နှစ်ခန့်သာ ရှိဦးမည် ဖြစ်သည်။

ထို့ပြင် ဆိုင်လုလင်လေး၏မျက်လုံးအစုံမှာ ဝိုင်းစက်ကြည် လင်နေပြီး ပါးနှစ်ဖက်နှင့် နှုတ်ခမ်းအစုံက အနီရောင်သန်းနေ၏။

ဖြူဖွေးနုနယ်သော အသားအရေရှိနေသောကြောင့် ရုပ် ရည်ချောမောသည့် လူရွယ်တစ်ယောက် ဖြစ်သည်။

ဤမျှ နုနယ်ပြီး ချောမောလှသည့်လူရွယ်က ဤမျှချောင်

ကျသော နေရာတွင် စားသောက်ဆိုင်ကို တစ်ယောက်တည်း လာဖွင့်ထားသည်မှာ အလွန်အံ့သြစရာကောင်းနေသည် မဟုတ်ပါလော။

မည်သို့ဆိုစေ ...

စွန်းထင်းလှသည် ဤနေရာကဲ့သို့ ချောင်ကျပြီး လူသူအရောက်အပေါက်နည်းသောနေရာတွင် နေထိုင်သင့်သည်ဟု ယူဆထား၏။

"ကဲ ... ကျုပ်အတွက် အခန်းတစ်ခန်းပေးပါ"

ဆိုင်လှလင်လေး၏မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပသွားလေသည်။

သူက ထခုန်လိုက်လေသည်။

"ဟာ ... ဝမ်းသာလိုက်တာ ဝမ်းသာလိုက်တာ၊ ကြွပါဗျာ ကြွပါ ... အပေါ်ထပ်မှာ အခန်းကောင်းကောင်း သန့်သန့်လေး ရှိပါတယ်"

သူကပြောပြီး စွန်းထင်းလှ၏ ကျောပေါ်တွင် ပိုးလွယ်ထားသော သေတ္တာရှည်လေးအား လှမ်းယူလိုက်သည်။

စွန်းထင်းလှက ပြုံး၍ ခေါင်းခါယမ်းလိုက်၏။

"ရပါတယ် ... ကျုပ်အတွက် တည်းခိုဖို့အခန်းကိုသာ လိုက်ပို့ပေးပါ"

ဆိုင်လုလင်လေး၏မျက်နှာ တစ်ချက်ညှိုးနွမ်းသွားသည်။ သို့သော် သူက ပြုံး၍ ခေါင်းညိတ်လိုက်၏။

"ဟာ ... ကြွပါ ကြွပါ ... ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

သူကပြောပြီး အပေါ်ထပ်သို့ တက်သည့် လှေကားအတိုင်း လှမ်းတက်သွားလေသည်။

စွန်းထင်းလှက သူ့နောက်မှ လိုက်ပါသွား၏။

ဆိုင်လုလင်လေးက ရှေ့မှလမ်းပြခေါ်ဆောင်သွားရင်းမှ ...

"ကျွန်ုပ်တော်တို့ တည်းခိုခန်းက တကယ့်ကို နားအေးပါးအေး တည်းခိုလို့ ကောင်းပါတယ်၊ နောက်ပြီး သန့်ပြန့်တယ်၊ သန့်ရှင်းတယ်လေ"

စွန်းထင်းလှက သူ့နောက်မှလိုက်လာပြီး ဖုန်အလိမ်းလိမ်း တက်နေသည့် အဆောက်အအုံအား တစ်ချက် ဝေ့ကြည့်ကာ ပြုံးလိုက်မိသည်။

သို့သော် ဆိုင်လုလင်လေးက သူ့အား လှည့်မကြည့်ပါ။ မိမိ၏ တည်းခိုခန်း မည်မျှကောင်းကြောင်းကို ဆက်၍ ကြွားဝါလာလေသည်။

"ဒီဟာ့တည်းခိုခန်းကို အကောင်းဆုံး ဗိသုကာနဲ့ အလုပ်သမား ပေါင်း တစ်ယောင်ကျော် အင်အားယူပြီး တည်ဆောက်ထားတာ

လေ၊ ဒါကြောင့် ဘယ်တည်းခိုခန်းကမှ မဓိဘူး၊ ဒါကြောင့်"

'ချွတ်'

'ဝုန်း'

ရုတ်တရက် ဆိုင်လုလင်လေး၏စကား ပြတ်တောက်သွား

၏။

အကြောင်းကား ...

သူသည် ကြမ်းပေါက်ကျိုးပဲ့ကာ ခြေထောက်တစ်ချောင်းက

အောက်သို့ ကျိုးကျသွားသည် မဟုတ်ပါလော။

စွန်းထင်းလုက သူ့အား ပြုံးစိစိဖြင့် ကြည့်လိုက်သည်။ သူက

ဆိုင်လုလင်လေးအား ဆွဲတူကာ ...

"ကဲ ... ဆက်ပြောစမ်းပါဦး၊ မင်းရဲ့ နန်းတော်ကဲ့သို့ တည်းခို

ခန်းဆောက်လုပ်ထားပုံအကြောင်းကို"

ဆိုင်လုလင်လေး၏မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။

သို့သော် သူက လေသံပြောင်းလဲသွားခြင်း မရှိပါ။

"ဟုတ်ကဲ့ ... ကျွန်တော်က အဲဒီလောက် အင်အားအပြည့်

အဝနဲ့ တည်ဆောက်ထားတော့ တည်းခိုခန်းက ခိုင်ခံ့ပြီး သန့်ပြန့်ပါ

တယ်၊ ဒါပေမဲ့ စောစောက ကျိုးပဲ့သွားတဲ့ ကြမ်းတစ်ချောင်းကတော့

ဆွေးနေတဲ့သစ်တစ်ချောင်း ညှပ်ပါသွားတာနဲ့ တူပါတယ်၊ အား ...

ကျတ် ကျတ်”

သူကပြောပြီး တစ်ချက် ရုံ့မဲ့လိုက်သည်။

ထိုအချိန် သူသည် အခန်းတစ်ခုအား တွန်းဖွင့်လိုက်၏။

အခန်းထဲတွင် ဖုန်အလိမ်းလိမ်းထနေသော စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးနှင့် အိပ်ရာခင်းထားသော ခုတင်တစ်လုံး ရှိနေလေသည်။

ထိုခုတင်မှာ ဖုန်အလိမ်းလိမ်း တက်နေရုံသာမကပါ။ ပင့်ကူမျှင်များဖြင့် ရှုပ်ထွေးနေလေသည်။

စွန်းထင်းလုက သူ့အား ကြည့်လိုက်သည်။

“မင်းရဲ့တည်းခိုခန်းက နန်းတော်လိုပဲ သန့်ပြန့်ခိုင်ခံ့လှပါလား”

ဆိုင်လုလင်လေး၏မျက်နှာ နီရဲသွားလေသည်။ သူကမျက်နှာချိုသွေးလိုက်၏။

“ဟဲ ဟဲ ဟဲ ... ဒါကို ကျွန်တော် အခုချက်ချင်း သန့်ပြန့်ပေးမှာပါ”

သူက ပြောပြီး အိပ်ရာပေါ်ရှိ ဖုန်များအား အဝတ်ဖြင့် ခါလိုက်သည်။ တစ်ဖန် ပင့်ကူမျှင်များအား ရှင်းလင်းရင်းမှ ဆက်ပြောလိုက်၏။

"အမှန်တော့ ကျွန်တော်တို့ တည်းခိုခန်းက တကယ် သန့်ပြန့်ပြီး သန့်ရှင်းပါတယ်၊ ဒါပေမဲ့ အဆောက်အအုံကြီးက ကျယ်ဝန်းလှတော့လည်း အခန်းတိုင်းကို လိုက်မရှင်းနိုင်ဘူးလေ၊ ဒါကြောင့် ဧည့်သည်လာမှ ရှင်းပေးရတာပါ"

စွန်းထင်းလုက အမှိုက်များကို ရှင်းလင်းနေသော ဆိုင်လုလင်လေး၏လက်အား အမှတ်မထင် ကြည့်လိုက်မိသည်။

အလွန်နုနယ်၍ သွယ်လျသော လက်ချောင်းကလေးများပင် ဖြစ်၏။

သူက ခေါင်းခါယမ်းလိုက်၏။

"တော်ပါပြီ၊ တော်ပါပြီ ... ဒီလောက်ဆိုရင် ကျေပ် နေလို့ရပါပြီ"

ဆိုင်လုလင်လေးက ကျေနပ်စွာ ပြုံးလိုက်သည်။ သူက စွန်းထင်းလုအား ဦးညွှတ်ကာ ...

"အစ်ကိုလေး ... ဘာများ သုံးဆောင်လိုပါသလဲ"

စွန်းထင်းလုက မျက်မှောင်ကုတ်လိုက်၏။ သူသည် ဆိုင်လုလင်အား ဘဝင်မကျဟန်ဖြင့် ကြည့်ကာ ...

"ဟေ့ ... တည်းခိုခန်းဆိုတာ ဧည့်သည်လာရင် အရင်ဆုံး မျက်နှာသစ်ရေပေးရတယ်၊ နောက်ပြီး တည်းခိုခန်းခ တောင်းရ

တယ်၊ မင်းက ဘာဖြစ်လို့ ကျွေပ်ကို အစားအသောက်က စပြီး မေးနေရတာလဲ"

ဆိုင်လုလင်လေး၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။ သူက ချက်ချင်းပင် ရယ်မောလိုက်၏။

"ဟဲ ဟဲ ဟဲ ... ကျွန်တော်က အခုပဲ မျက်နှာသစ်ရေကို သွားယူပေးမလို့ပါ၊ အဲ ... မျက်နှာသစ်ရေယူပေးရင်း ဘာများ စားသောက်မလဲဆိုတာ သိချင်လို့ အခုလို မေးမိတာပါ ... စိတ်မရှိပါနဲ့နော်၊ အဲ ... တည်းခိုခန်းခကိုတော့ ပေးချင်တဲ့အချိန်မှ ပေးပါ၊ ကျွန်တော်က အစ်ကိုလေးရဲ့ ချောမောခန့်ညားတဲ့မျက်နှာကိုကြည့်ပြီး ယုံကြည်ပါတယ်"

စွန်းထင်းလုက ပြုံးလိုက်မိသည်။

သူသည် ဤဆိုင်လုလင်က အလွန်စကားများသည်ဟု ယူဆလိုက်မိလေသည်။

မည်သို့ဆိုစေ ဤနေရာသည် သူ့အတွက် အလွန်အဆုံးဝင်သော နေရာဖြစ်သဖြင့် မစွန့်လွှတ်နိုင်ပါ။

သူက ဆိုင်လုလင်လေးအား လက်တစ်ချက်ဝှေ့ယမ်းပြလိုက်သည်။

"ကဲ ... သွားပါ ... ကျွေပ်အတွက် မျက်နှာသစ်ရေ ယူခဲ့ပါ"

ဆိုင်လုလင်လေးက အခန်းအပြင်သို့ ထွက်သွား၏။

စွန်းထင်းလုံက တံခါးကိုဖွေထားလိုက်ပြီး စားပွဲအနီးသို့ ပြန်လျှောက်လာလေသည်။

ယင်းနောက် ကျောပေါ်တွင်ပိုးလွယ်ထားသော ဗျပ်စောင်းကို စားပွဲပေါ်သို့ ချထားလိုက်၏။

ဗျပ်စောင်းအား ချည်နှောင်ရစ်ပတ်ထားသော ပိုးကြိုးများသည် စားပွဲပေါ်မှတစ်ဆင့် အောက်သို့ တိုးလိုးတွဲလောင်းကျနေလေသည်။

သူက ဤပိုးကြိုးများကို ပြန်လည်၍ မသိမ်းဆည်းနိုင်သေးပေါ့ချေ။

သူသည် ယခုအရေးကြီးနေသည်မှာ ဤပတ်ဝန်းကျင်တွင် မိမိကို အန္တရာယ်ပြုမည့်သူ ရှိမရှိကို စုံစမ်းရမည် မဟုတ်ပါလော။



ဆိုင်လုလင်လေးသည် အခန်းအပြင်သို့ ရောက်ရှိလာသော အခါ စွန်းထင်းလုက တံခါးကို ပြန်လည်ပိတ်လိုက်သဖြင့် အနည်းငယ် မျက်မှောင်ကုတ်လိုက်၏။

သူက ဤနေရာမှ ထွက်ခွာသွားခြင်းမရှိသေးဘဲ ပြတင်း ပေါက်မှ စက္ကူအား လက်သို့ဖြင့်ဖောက်ကာ အခန်းထဲသို့ ချောင်း ကြည့်လိုက်လေသည်။

ထိုအခါ စွန်းထင်းလု၏လှုပ်ရှားမှုကို အံ့သြဖွယ်ရာ တွေ့ မြင်လိုက်ရ၏။

အကြောင်းကား စွန်းထင်းလုသည် အခန်း၏တစ်ဖက်နံရံ အား ခြေကန်ကာ နားဖြင့်ဖိကပ်၍ နားစွင့်လိုက်၏။

တစ်ဖန် တစ်ဖက်နံရံဆီသို့ ပြေးသွားကာ နားဖြင့် ဖိကပ်၍ နားစွင့်လိုက်ပြန်လေသည်။

ဤမျှနှင့် မပြီးသေးပါ။

သူသည် ကြမ်းပြင်အား နားဖြင့်ဖိကပ်ကာ နားစွင့်နေပြန် ၏။

ဆိုင်လုလင်လေးက သူ့အားကြည့်ရင်း မျက်နှာပေါ်တွင် ထူးခြားသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

သူက နှုတ်ခမ်း တွန့်ကာ ပြုံးလိုက်၏။

"သေချာပြီ... သူနဲ့ပါလာတဲ့သေတ္တာဟာ မရဏာဗျပ်စောင်းဆိုတာ သေချာနေပြီ"

ဟု ကိုယ်၌ ရေရွတ်လိုက်သည်။

ဤမျှ ခေါင်လွန်းနေသောနေရာရှိ ဆိုင်လုလင်လေးသည် အဘယ်ကြောင့် မရဏာဗျပ်စောင်းကို သိနေရပါသနည်း။

ဤဆိုင်လုလင်သည် မည်သူဖြစ်မည်နည်း။



စွန်းထင်းလှသည် ကြမ်းပြင်အား နားဖြင့် ဖိကပ်ကာ နားစွင့်နေလေသည်။

သူက မည်သည့်လူပ်ရှားမှုမျိုးကိုမျှ မတွေ့ရသောအခါ စိတ်ကျေနပ်သွားမိ၏။

သူက ကြမ်းပြင်ပေါ်မှ ပြန်ထရန် ဟန်ပြင်လိုက်စဉ် ...

'ဝုန်း'

ရုတ်တရက် တံခါးပွင့်သွားပြီး လူတစ်ယောက် လဲပြိုကျလာသည်ကို တွေ့မြင်လိုက်ရ၏။

သူက တိုက်ခိုက်ရန်ဟန်ပြင်ပြီးမှ ကမန်းကတန်း လက်ကို ရုပ်သိမ်းထားလိုက်ရလေသည်။

အကြောင်းကား ...

တံခါးပေါက်မှ ပြုတ်ကျလာသောလူသည် ဆိုင်လှလင်လေး ဖြစ်နေသည် မဟုတ်ပါလော။

ဆိုင်လှလင်လေး၏ မျက်နှာတစ်ခုလုံး နီရဲနေလေသည်။

သူက ကမန်းကတန်း လူးလိမ့်ကာ ထရုပ်လိုက်၏။

စွန်းထင်းလုက သူ့အား မျက်မှောင်ကုတ်ကာ ကြည့်လိုက်သည်။

"ဘယ်လိုဖြစ်ရတာလဲ"

ဆိုင်လုလင်လေးက ခေါင်းငုံ့နေလေသည်။

ရုတ်တရက် သူ က အကြီးရဲသွားကာ အခန်းတစ်ခုလုံးရှိ ပြတင်းပေါက်များအား လိုက်ဖွင့်နေ၏။ ထို့နောက် မျက်နှာချိုသွေးလိုက်သည်။

"ဟဲ ဟဲ ဟဲ ... ကျွန်တော်က တံခါးမဖွင့်ရသေးတာကို အမှတ်ရလို့ ပြန်လာရင်း အစ်ကိုလေးက တံခါးပိတ်ထားတယ်ထင်လို့ တံခါးခေါက်လိုက်တာ၊ အဲဒါ တံခါးက ချက်မချထားတော့ အရှိန်လွန်ပြီး ပြုတ်ကျသွားတာပါ"

စွန်းထင်းလုက အူကြောင်ကြောင်နိုင်လှသော သူ့အား ကြည့်ကာ စိတ်ထဲ၌ ရယ်ချင်လာမိလေသည်။

"ကောင်းပြီ ... အခု မြန်မြန်သွားပြီး ကိုယ်လက်သန့်စင်ဖို့ ရေ ယူခဲ့ပါ"

ဆိုင်လုလင်က ခေါင်းညိတ်ကာ ပြေးထွက်သွားရန် ဟန်ပြင်လိုက်၏။

စွန်းထင်းလုက ဟန့်တားလိုက်သည်။

"ခဏနေပါဦး ... မင်းပြန်လာရင် အခန်းထဲကို လဲပြုမှုမရှိဘဲ ရောက်လာပါစေ"

ဆိုင်လုလင်လေး၏မျက်နှာက ညှိုးနွမ်းသွားလေသည်။

သူက ခေါင်းညိတ်ကာ မချိတင်ကဲအပြုံးမျိုးဖြင့် ပြုံးပြလိုက်၏။

"ဟုတ်ကဲ့ ... စိတ်ချပါ အစ်ကိုလေး"

သူက ယင်းသို့ပြောပြီး အပြေးလွှား ထွက်ခွာသွားသည်။

တစ်ခဏအကြာ သူက အခန်းထဲသို့ ပြန်လည်ရောက်ရှိလာ၏။

သူ၏လက်ထဲတွင် ကြွေလုံတစ်လုံး ပါရှိလာလေသည်။ ကြွေလုံထဲတွင် ရေများ ပါရှိလာ၏။

သူက ကြွေလုံကို စားပွဲပေါ်သို့ တင်ပေးလိုက်၏။

စွန်းထင်းလုက ကြွေလုံထဲသို့ လက်နှိုက်၍ ရေဆေးရန် ဟန်ပြင်လိုက်လေသည်။

သူက လက်ကို ပြန်လည်ရုပ်သိမ်းလိုက်၏။

အကြောင်းကား ကြွေလုံထဲရှိရေမှာ ကြည်လင်နေ၏။ သို့သော် လုံတွင် ချေးအထပ်ထပ်ဖြင့် ညစ်ပေနေလေသည်။

သူက မျက်နှာတစ်ချက်ရုံကာ ဆိုင်လုလင်အား လှမ်းကြည့်

လိုက်၏။

ဆိုင်လုလင်လေးက သူ့အား သွားဖြဲကာ ပြုံးပြနေသည်ကို တွေ့မြင်လိုက်ရလေသည်။

စွန်းထင်းလုက စကားမပြောတော့ပါ။

သူက ရေလုံထဲရှိရေဖြင့် ခေါင်းငုံ့ကာ မျက်နှာသစ်လိုက်လေသည်။

ယင်းတဒင်္ဂအချိန် လေးမှာပင် ဆိုင်လုလင်လေး၏မျက်နှာပေါ်တွင် ထူးခြားသောဟန်မူရာများ ပေါ်လွင်လာလေသည်။

သူသည် ခေါင်းငုံ့ကာ မျက်နှာသစ်နေသော စွန်းထင်းလုအား တစ်ချက်လှမ်းကြည့်ကာ စားပွဲပေါ်တွင်တင်ထားသော သေတ္တာနီလေးအား ဖြည်းညင်းစွာ မ,ယူလိုက်၏။

ထို့နောက် ပေါ့ပါးသော ခြေလှမ်းများဖြင့် အခန်းတံခါးဝဆီသို့ လျှောက်သွားလေသည်။

သူမ၏ ရည်ရွယ်ချက်မှာ ဤသေတ္တာလေးအား ယူ၍ထွက်ပြေးရန် ဖြစ်သည်။

သို့သော် သူက ရုတ်တရက် ခြေလှမ်းရပ်တန့်လိုက်ရလေသည်။

အကြောင်းကား ...

သေတ္တာ၏ခါးတွင် ရစ်ပတ်ချည်နှောင်ထားသော ပိုးကြိုးစ အနီရောင်သည် ကြမ်းပြင်ပေါ်တွင်ကျနေပြီး ထိုကြိုးအား စွန်းထင်းလုက ဖိနင်းထားသည် မဟုတ်ပါလော။

ထို့ကြောင့် သူသည် သေတ္တာအား ရှေ့သို့ ဆက်လက် သယ်ဆောင်သွားနိုင်ခြင်း မရှိဘဲ ရပ်တန့်လိုက်ရလေသည်။

သူသည် ငုံ၍ မျက်နှာသစ်နေသော စွန်းထင်းလုအား စိတ် ထဲမှကျိတ်ကာ ကျိန်ဆဲလိုက်မိ၏။

ထို့နောက် သေတ္တာအား စားပွဲပေါ်တွင် ပြန်တင်လိုက်ရ လေသည်။

ယင်းအချိန် စွန်းထင်းလုက မျက်နှာသစ်ပြီး ခေါင်းမော့လိုက် ၏။ ထို့နောက် သူ့အား ပြုံးပြလိုက်လေသည်။

ဆိုင်လုလင်လေးက သေတ္တာနီအား နှမြောတသစွာ ကြည့် နေရာမှ သွားဖြီးကာ ပြန်လည်ပြုံးပြလိုက်ရ၏။

စွန်းထင်းလုက သူ့ အား ပြုံး၍ကြည့်ရင်း ...

"ကဲ ... ကျုပ်အတွက် သင့်တော်မယ့် စားစရာတစ်ခုခု လုပ် ပေးပါလား"

ဆိုင်လုလင်လေးက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့"

သူက ပြောပြီး လေးဖင့်သော ခြေလှမ်းများဖြင့် လှမ်းထွက်သွား၏။

စွန်းထင်းလုက သူ၏နောက်ကျောပြင်ကို ကြည့်ကာ ပြုံးလိုက်မိသည်။ အလွန်လှို့ဝှက်သော အပြုံးမျိုးဖြစ်သည်။

ဆိုင်လုလင်လေးက အခန်းထဲမှ ယွက်သွားသောအခါ သူက မရဏာဇျပစောင်း တည်ထားသည့် သေတ္တာအား စားပွဲပေါ်မှ ယူကာ ကျောပေါ်တွင် ပိုးလွယ်ထားလိုက်၏။

ယင်းတာဒါအခိုးနှိမ်လေးမှာပင် ဆိုင်လုလင်လေးက အခန်းထဲသို့ ဒရောသောပါး ပြေးဝင်လာသည်ကို တွေ့ခြင်လိုက်ရလေသည်။

သူ၏မျက်နှာသည် စက္ကူဖြူတစ်ချပ်ကဲ့သို့ ဖြူဖြူဖျော့ဖျော့နေ၏။

စွန်းထင်းလုက သူ့အား မျက်မှောင်ကုတ်ကာ ကြည့်လိုက်သည်။

"ဘာဖြစ်လာပြန်ပြီလဲ"

ဆိုင်လုလင်လေးက မောပန်းလွန်းသဖြင့် စကားပင် မပြောနိုင်သေးပါ။

တစ်ခဏကြာမှ သူက အောက်ဘက်သို့ ညွှန်ပြကာ ...

"ဟောဟဲ ဟောဟဲ ... အောက် ... အောက်မှာ လူတွေ

ရောက်နေတယ်”

စွန်းထင်းလုက ပြုံးလိုက်လေသည်။

“ဟာ ... လူတွေရောက်နေတာကို ဒီလောက်ကြီး မောကြီး ပန်းကြီးနဲ့ ပြေးလာရသလား။ ဒါက မင်းရဲ့စီးပွားရေး ကောင်းမယ် ဖောက်သည်တွေ မဟုတ်လား”

ဆိုင်လုလင်လေး၏ မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားလေသည်။ သူက ခေါင်းခါယမ်းလိုက်သည်။

“မဟုတ်ဘူး မဟုတ်သေးဘူး ... သူတို့က သူတို့က ...”

စွန်းထင်းလုက စိတ်မရှည်တော့ပါ။

သူသည် ဆိုင်လုလင်လေး၏လက်ကိုဆွဲကာ အခန်းအပြင်သို့ ထွက်ခွာလာခဲ့၏။

ထို့နောက် အခန်းအပြင်သို့ ရောက်သောအခါ စကြိုလမ်းတစ်လျှောက် လျှောက်လာလေသည်။

ပြီးမှ အောက်သို့ ငုံ့ကြည့်လိုက်၏။

သူ၏မျက်လုံးများ ပြူး ကျယ်သွားမိလေသည်။

အကြောင်းကား ...

အောက်ဘက်မြေညီထပ်တွင် သိုင်းသမားပေါင်းများစွာတို့သည် လုံလက်နက်၊ ဓား စသည်တို့ကို ကိုင်ဆောင်ကာ သူ့အား

မော့ကြည့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူတို့က စွန်းထင်းလု၏ ကျောပေါ်မှ သေတ္တာရှည်အား တွေ့မြင်သောအခါ မျက်နှာပေါ်တွင် လိုချင်တပ်မက်သည့် ဟန်မူရာများ ပေါ်လွင်လာလေသည်။

စွန်းထင်းလုက အခြေအနေ မဟန်ကြောင်း နားလည်လိုက်၏။

"အား ... လူတွေက မနည်းပါလား"

သူက တီးတိုးရေရွတ်လိုက်သည်။

ဆိုင်လုလင်လေးက ရင်ကော့ကာ မိမိ၏ရင်ဘတ်ကို ပုတ်ပြလိုက်သည်။

"စိတ်မပူပါနဲ့ ... ဒီကိစ္စကို ကျွန်တော်ရှင်းပေးပါ့မယ်"

စွန်းထင်းလုက သူ့ဘက်သို့ လှည့်လိုက်၏။

သူက ဆိုင်လုလင်လေးအား မျက်ခုံးပင့်ကာ ကြည့်လိုက်လေသည်။

"ဘာလဲ ... မင်းက သူတို့နဲ့ ရင်ဆိုင်တိုက်ခိုက်မလို့လား"

ဆိုင်လုလင်လေးက ကမန်းကတန်း ခေါင်းခါယမ်းလိုက်၏။

"ဟာ ... မဟုတ်ပါဘူး"

စွန်းထင်းလုက ပို၍ မျက်မှောင်ကုတ်လိုက်သည်။

"ဒါဖြင့်"

ဆိုင်လုလင်လေးက မိမိရှင်ဘတ်ကို ပုတ်လိုက်၏။

"လာ ... ကျွန်တော့်နောက် လိုက်ခဲ့"

ပြောပြီး စွန်းထင်းလု၏လက်ကိုဆွဲကာ ပြေးလွှားသွား၏။

သူ၏ ပြေးလွှားသွားလာနေရာမှာ မြေညီထပ်မှ အပေါ်ထပ်ဆီသို့တက်သည့် လှေကားများဆီသို့ ဖြစ်လေသည်။

အောက်ဘက်တွင် ရပ်နေသော သိုင်းသမားများက တိုက်ခိုက်ရန် အသင့်ပြင်ဆင်ထားကြလေသည်။

စွန်းထင်းလုက မျက်လုံးမျက်ဆန်ပြူးသွား၏။ သူက ကမန်းကတန်း အော်ဟစ်လိုက်သည်။

"ဟေ့ ဟေ့ ... မင်းက ဘယ်ပြေးတာလဲ"

ဆိုင်လုလင်လေးက ယခုမှ သတိရဟန်ဖြင့် ကမန်းကတန်း ခြေလှမ်းရပ်တန့်လိုက်လေသည်။

တစ်ဖန် လာလမ်းအတိုင်း ပြေးလာ၏။

စွန်းထင်းလုက သူ့နောက်မှ လိုက်လာရလေသည်။

ထိုအခါ အောက်ဘက်တွင် တိုက်ခိုက်ရန် စောင့်နေကြသော သိုင်းသမားများက လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

"ဟာ ... ပြေးပြီဟေ့ ... လိုက်ကြ လိုက်ကြ"

သူတို့သည် အော်ဟာစ်ရင်း ပြေးလာလေသည်။

ဆိုင်လုလင်လေးက စွန်းထင်းလုံ၏လက်ကိုဆွဲကာ အခန်း တစ်ခုထဲသို့ ပြေးဝင်သွား၏။

သူက အခန်းအား မျက်လုံးဝေ့ကြည့်ကာ ခေါင်းခါယမ်း လိုက်သည်။

"ဟာ ... မဟုတ်သေးပါဘူး"

ပြောပြီး စွန်းထင်းလုံ၏လက်ကို ဆွဲကာ ပြန်လည်ပြေး ထွက်လာပြန်လေသည်။

စွန်းထင်းလုံ၏ရင်ထဲ၌ ထိတ်လန့်လာလေသည်။

အကြောင်းကား ...

အောက်ဘက်မှတက်လာကြသော သိုင်းသမားများက လှေကားထိပ်သို့ ရောက်ရှိနေပြီကို တွေ့မြင်လိုက်ရသည် မဟုတ်ပါ လော။

သူက ဆိုင်လုလင်လေးအား ကြည့်လိုက်ပြီး ...

"မြန်မြန် မြန်မြန် ... ဟိုမှာ မင်းပထွေးတွေ လာကုန်ကြပြီ"

ဆိုင်လုလင်လေးက ခေါင်းညိတ်ကာ ကမန်းကတန်း ရှေ့မှ ပြေးသွားနေ၏။

သူသည် စွန်းထင်းလုံ၏လက်ကို ဆွဲကာ ပြေးလွှားနေခြင်း

ဖြစ်လေသည်။

ရုတ်တရက် သူသည် လဲပြိုသွား၏။

အမှန်တွင် သူက စောစောဝုန်းဆီက အပေါက်ကျိုးကျခဲ့သော ကြမ်းပြင်အောက်သို့ ခြေထောက်ကျိုသွားခြင်း ဖြစ်သည်။

ထိုအခါ စွန်းထင်းလုကလည်း လဲကျသွားရလေသည်။

စွန်းထင်းလုက ကမန်းကတန်း လူးလဲကာ ထရုပ်လိုက်ပြီး ဆိုင်လုလင်လေးအား ဆွဲထူလိုက်ရ၏။

ဆိုင်လုလင်လေးက မျက်နှာတစ်ခုလုံး ရှုံ့မဲ့ကာ ညည်းညူနေ၏။

ယင်းအချိန် သိုင်းသမားများမှာ စကြိုလမ်းအတိုင်း အပြေးလာနေကြပြီ ဖြစ်သည်။

သူက ထိတ်လန့်သွားကာ အနီးရှိ အခန်းတစ်ခုထဲသို့ ဝင်ပြေးလေသည်။

စွန်းထင်းလုကလည်း သူ့နောက်မှ ပြေးဝင်လိုက်ရ၏။

သူက ပြေးဝင်ပြီးသည်နှင့် ကံခါးအား မင်းတုပ်ချထားလိုက်၏။

သူက ဆိုင်လုလင်လေးအား လှည့်ကြည့်လိုက်၏။

"ကဲ ... ဘယ်လိုလုပ်မလဲ၊ မင်းက အရာရာနဲ့ အကြောင်း

ကြောင်းပဲကိုး၊ ကဲ ... အခု ဘယ်လိုလုပ်ကြမလဲ"

ဆိုင်လုလင်လေးက မျက်နှာတစ်ခုလုံး ရှုံ့မဲ့လျက် လက်ကာပြလိုက်လေသည်။

"နေပါဦးဗျာ ... ကျွန်တော့်ရဲ့ ဒူးခေါင်းတွေ စုတ်ပြတ်သွားပြီထင်တယ်"

သူက ပြောပြီး ဒူးခေါင်းအား ပွတ်နေ၏။

ယင်းအချိန် ...

တံခါးအပြင်ဘက်မှ တဒုန်းဒုန်း ထုရိုက်သံများ ထွက်ပေါ်လာလေသည်။

စွန်းထင်းလုက မျက်လုံးပြူးသွားရလေသည်။

ကိုအချိန် ဆိုင်လုလင်လေးက သူ၏လက်ကို ဆွဲကာ ခုတင်ဆီ ဆွဲခေါ်လာလေသည်။

စွန်းထင်းလုက ဒေါသကြီးစွာဖြင့် ကြည့်လိုက်၏။

"မင်း အူကြောင်ကြောင်လုပ်တာနဲ့ ငါပါသေတော့မယ်၊ ဖယ်စမ်း"

ဆိုင်လုလင်လေးက သူ၏လက်ကို မလွှတ်ပါ။ သူသည် ခုတင်အား ဆွဲဖယ်လိုက်လေသည်။

ထိုအခါ ခုတင်အောက်တွင် လျှို့ဝှက်မြေအောက်လမ်းတစ်

ခု ရှိနေသည်ကို တွေ့မြင်လိုက်ရ၏။

ဆိုင်လုလင်လေးက သူ့အား ထိုအပေါက်ထဲသို့ ထိုးသွင်းလိုက်၏။

"မြန်မြန် မြန်မြန်"

စွန်းထင်းလုက ဆင်းလိုက်လေသည်။

ထိုအခါ သူ၏ဗျပ်စောင်းထည့်ထားသော သေတ္တာအပေါက် ဝန့်ငင် မဆံ့အောင် ဖြစ်နေလေသည်။

ဆိုင်လုလင်လေးက သူ၏ရင်ဘတ်မှ ကြိုးများကို ဖြည်ပေးလိုက်ပြီး ဗျပ်စောင်းအား ကောက်ကိုင်လိုက်၏။

စွန်းထင်းလုက အောက်သို့ဆင်းကာ ဗျပ်စောင်းထည့်ထားသော သေတ္တာအား ယူဆောင်သွားလေသည်။

ဆိုင်လုလင်လေးက သူ့အား မျက်စောင်းခဲလိုက်၏။

ထို့နောက် အပေါက်မှ ကမန်းကတန်းဆင်းကာ ခုတင်ကို နေရာတကျ ဆွဲထားလိုက်ပြီးနောက် သံမဏိပြားအား ဆွဲဝိတ်လိုက်သည်။

ထိုအခါ မြေအောက်လမ်းတစ်ခုလုံး မှောင်ပိန်းသွား၏။

ယင်းအချိန် ဆိုင်လုလင်လေးက သံမဏိပြားကိုစမ်းကာ သော့ဝိတ်လိုက်လေသည်။

ထို့နောက် လှေကားအတိုင်း ပြေးဆင်းခဲ့၏။

'ဝုန်း'

"အင့်"

သူသည် အရာဝတ္ထုတစ်ခုကို တိုက်မိကာ ပြုံလဲကျသွားပြန်လေသည်။

ယင်းအချိန် စွန်းထင်းလှ၏ ကျိတ်၍ရယ်မောသံကို ကြားလိုက်ရလေသည်။

"ဟား ဟား ဟား ... မင်းကတော့လေ ... ငါတစ်ယောက်လုံး ရပ်နေတာတောင်မှ ဝင်တိုက်ရတယ်လို့"

ဆိုင်လှလင်လေးက ဒေါသကြီးစွာဖြင့် ...

"ဒီလောက်မှောင်မည်းနေတာ ဘာမြင်ရမလဲ ... ခင်ဗျားက မြင်ရင်ရှောင်ပါလား"

စွန်းထင်းလုကတော့ မပြောနိုင်တော့ပါချေ။

သူက ဆိုင်လှလင်လေးသည် ဒေါသထွက်နေကြောင်း သိရှိလိုက်သဖြင့် ပါးစပ် ပိတ်ထားလိုက်ရလေသည်။

ဆိုင်လှလင်လေးက ယခုအချိန်အထိ မကျေနပ်သေးပါ။

သူက ပါးစပ်မှ ပွစိပွစိဖြင့် မြည်တွန်ပြောဆိုရင်း ရှေ့မှ ပြေးသွားလေသည်။

စွန်းထင်းလုက ပြုံးလိုက်မိသည်။

သူသည် ဤဆိုင်လုလင်လေးက ရုပ်ရည်ချောမောနုနယ်သဖြင့် မိန်းကလေးနှင့်တူရုံသာမက မိန်းကလေးကဲ့သို့ ပွစိပွစိ ပြောတတ်သည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။

သူက ပြုံးလျက် ဆိုင်လုလင်လေးနောက်မှ လိုက်ပါ၏။

ဆိုင် လုလင်လေးက ပွစိပွစိဖြင့် ပြောလာရာမှ ရုတ်တရက် ခြေလှမ်းရပ်တန့်လိုက်လေသည်။

ထိုအခါ သူ့အား နောက်မှ စွန်းထင်းလုက ဝင် တိုက်လိုက်၏။

'ဝုန်း'

ဆိုင်လုလင်လေးက အကြီးအကျယ် ဒေါကန်သွားရုလေသည်။

အကြောင်းကား ...

သူသည် စွန်းထင်းလုက တိုက်ချလိုက်သဖြင့် ရှေ့ဘက်သို့ လွင့်စဉ်သွားလေသည်။

တစ်ဖန် ရှေ့ဘက်မှ သံမဏိပြားဖြင့် ဝင်ရောက်ဆောင့်မိလိုက်သည် မဟုတ်ပါလော။

"ခင်ဗျားက ကျွန်တော်တစ်ယောက်လုံး ရုပ်နေတာတောင်

မှ မမြင်ဘူးလား”

ဟု တင်းမာသောလေသံဖြင့် ပြောလိုက်၏။ စွန်းထင်းလုက မျက်မှောင်ကုတ်လိုက်သည်။

“ဟာ ... ဒီလောက်မှောင်မည်းနေတာ ကျူပ်က ဘယ်လို မြင်မှာလဲ၊ မင်းကကော ဆက်မလျှောက်ခဲ့ဘဲ ဘာရပ်လုပ်နေတာလဲ”

ဆိုင်လုလင်လေးက တင်းမာသောလေသံဖြင့် ...

“ခင်ဗျားက အတော်ကျေးဇူးကန်းတာပဲ၊ ကျွန်တော်က ခင်ဗျားကို ကယ်လာတာဗျ။ ဒီမှာ အပြင်ကိုထွက်ဖို့ တံခါးပေါက်ရှာနေတာကို ဘာအပြစ်တင်နေတာလဲ”

စွန်းထင်းလုက ပြုံးလိုက်မိသည်။ သူသည် ဆိုင်လုလင်လေးအား တောင်းပန်လိုက်ရလေသည်။

“ကျူပ်က မသိလို့ပြောမိတာ ခွင့်လွှတ်ပါကွာ”

ယင်းအချိန်မှာပင် ...

ဆိုင်လုလင်လေးက သံမဏိတံခါးပြားကြီးအား ဆွဲဖွင့်လိုက်၏။

‘ကွို’

ရှည်လျားသော အော်မြည်သံကြီးနှင့်အတူ အပြင်ဘက်ဆီမှ အလင်းရောင်များကို တွေ့မြင်လိုက်ရလေသည်။